# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# တတိယနေ့ မှတ်တမ်း

၂၀၁၈



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ သာစည်-စပါးရင်းတွင်းလမ်းအား ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃ |
| ၆ | မြစ်သားမြို့နယ်ရှိ အမှတ်(၂) ခရိုင်ပတ်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၇ | တန့်ဆည်မြို့နယ်၊ သပြေရင်း-ရွာမ-ရွှေကူလမ်းပေါ်ရှိ ညောင်ဇီးကုန်း တံတားကို ကွန်ကရစ်တံတား (၁)စင်းဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၈ | မကွေးမြို့နယ်အတွင်းရှိ သမိုင်းဝင်ကွေ့ချောင်းခံတပ်သို့ အဆင်ပြေ ချောမွေ့စွာ သွားရောက်လေ့လာနိုင်ရန် ရာသီမရွေး သွားလာနိုင်သော ကတ္တရာလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၈ |
| ၉ | ပင်လုံမြို့မှ ပန်မုန့်ကျေးရွာအုပ်စု နောင်ဟိုင်းရွာသွားလမ်း ဝမ်အင်ဘုန်းတော်ကြီးကျောင်းအထိ မြေသားလမ်း(၂)မိုင်ခန့်အား ကတ္တရာလမ်း သို့မဟုတ် ကျောက်အမာခံ ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၁၀ | ရေဂလုပ်-ကျားကိုက်ချောင်း-ချောင်ကြီး-ဘုရားကြီးကုန်း-ဆင်ကူး ကျေးလက် မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့် တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |

၁၁ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်း အလုပ်သမားများ အလုပ်စီစဉ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လက်ခံရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင် ကြောင်း လွှတ်တော်သို့ တင်ပြခြင်း ၁၄

၁၂ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း ၁၉

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

## တတိယနေ့ အစီအစဉ်

## [ ၁၈–၁–၂၀၁၈ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးနေထက်ဝင်း၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်၏ **ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ သာစည်–စပါးရင်းတွင်း လမ်းအား ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဦးလင်းလင်းကျော်၊ မြစ်သား မဲဆန္ဒနယ်၏ **မြစ်သားမြို့နယ်ရှိ အမှတ်(၂) ခရိုင်ပတ်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမြင့်ထွန်း၊ တန့်ဆည် မဲဆန္ဒနယ်၏ **တန့်ဆည်မြို့နယ်၊ သပြေရင်း–ရွာမ–ရွှေကူလမ်းပေါ်ရှိ ညောင်ဖီးကုန်းတံတားကို ကွန်ကရစ်တံတား (၁) စင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **မကွေးမြို့နယ်အတွင်းရှိ သမိုင်းဝင် ကွေ့ချောင်းခံတပ်သို့ အဆင်ပြေချောမွေ့စွာ သွားရောက်လေ့လာနိုင်ရန် ရာသီမရွေး သွားလာနိုင်သော ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ **ပင်လုံမြို့မှ ပန်မုန့်ကျေးရွာအုပ်စု နောင်ဟိုင်းရွာသွားလမ်း ဝမ်အင်ဘုန်းတော်ကြီးကျောင်းအထိ မြေသားလမ်း (၂)မိုင်ခန့်အား ကတ္တရာလမ်း သို့မဟုတ် ကျောက်အမာခံ ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ **ရေဂလုပ်၊ ကျားကိုက်ချောင်း၊ ချောင်ကြီး၊ ဘုရားကြီးကုန်း၊ ဆင်ကူး ကျေးလက်မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော **"၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၇။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး တတိယနေ့ ရုပ်နားကြောင်း နှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**
**တတိယနေ့မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)**
**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၃၈၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၈.၆၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူလွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၈၃၄ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၀ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊
(၂) အမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမောင် ခွင့် ၂ ရက်၊
(၃) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၂ ရက်၊
(၄) မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း ခွင့် ၂ ရက်၊
(၅) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင် ခွင့် ၂ ရက်၊
(၆) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၂ ရက်၊
(၇) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ခွင့် ၂ ရက်၊
(၈) ဖရူဆိုမဲဆန္ဒနယ်မှ ဦးပွဲဒူ ခွင့် ၂ ရက်၊
(၉) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ် ခွင့် ၂ ရက်၊
(၁၀) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဒေါက်တာစိုင်းလှသိန်း ခွင့် ၂ ရက်၊
(၁၁) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၂ ရက်၊
(၁၂) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၁ ရက်၊
(၁၃) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောတင်ဝင်း ခွင့် ၁ ရက်၊
(၁၄) မတ္တရာမဲဆန္ဒနယ်မှ ဦးဇော်မင်းလွင် ခွင့် ၁ ရက်၊
(၁၅) ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း ခွင့် ၁ ရက်၊
(၁၆) ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင် ခွင့် ၁ ရက်၊
(၁၇) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း ခွင့် ၁ ရက်၊
(၁၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းအောင် ခွင့် ၁ ရက်၊
(၁၉) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁ ရက်နှင့်

(၂၀) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၉ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၀ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအားခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၂၉ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၄၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါ့မယ်။

**ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ သာစည်-စပါးရင်းတွင်းလမ်းအား ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေထက်ဝင်း(ဆင်ပေါင်ဝဲမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်းဖြစ်ပြီး ကျွန်တော့်မဲဆန္ဒနယ်ရဲ့ လိုအပ်ချက်တစ်ခုဖြစ်တဲ့ သာစည်-စပါးရင်းတွင်းလမ်းအား ရာသီမရွေးသွားလာနိုင်တဲ့ ကျောက်ချောလမ်းအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းသွားမှာပဲဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးချယ်ခံရပြီး ကျေးရွာတွေကိုဆင်းတိုင်း လိုအပ်ချက်တွေတင်ပြတဲ့အထဲမှာ လမ်းကောင်းမွန်ရေး တောင်းဆိုမှုက တစ်သံတည်းလိုလိုတူညီနေတာကို တွေ့ရပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မြေဖြစ်တဲ့ ဆင်ပေါင်ဝဲမြို့နယ်အတွင်းမှာ ကျေးရွာချင်းဆက်လမ်းပေါင်း ၈၀ ခန့်ရှိပြီး မိုင်အားဖြင့် ၃၆၀ မိုင်ခန့်ရှိနေပါတယ်။ အဲဒီထဲကမှ တစ်လမ်းဖြစ်တဲ့ ဒီသာစည်-စပါးရင်းတွင်းလမ်းဟာဆိုလို့ရှိရင် အရှည်အားဖြင့် ၁၆ မိုင် ၂ ဖာလုံရှည်လျားပြီး အရှေ့ဘက်မှာ ဆပ်သွား- ပြန်ဒီခရိုင်ချင်းဆက်လမ်း၊ မြောက်ဘက်မှာ ကိုးပင်-သာဂရလမ်းတို့နဲ့ ထိစပ်လျက်ရှိနေပါတယ်။ လမ်းဘေးကျေးရွာ လေး၊ ငါး၊ ခြောက်ရွာခန့်သာရှိသော်လည်း ခရီးသွားလာရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ တခြားလူမှုစီးပွားကိစ္စတွေအတွက် ဒီလမ်းကို ကျေးရွာတော်တော်များများ အသုံးပြုနေကြတာကြောင့်မို့လို့ အရေးပါတဲ့လမ်း တစ်လမ်းဖြစ်နေပါတယ်။ သာစည်-စပါးရင်းတွင်းလမ်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ မြေသားလမ်း ၁၆ မိုင်အတွက် ငွေကျပ် ၁၄၅.၅၈၅ သန်း၊ မြေနီလမ်း ၁၆ မိုင်အတွက် ငွေကျပ် ၂၁၀.၂၄၁ သန်း၊ ကွန်ကရစ်ရေပြွန် ၆၄ ခုအတွက် ၅၇.၆၀၁ သန်း စုစုပေါင်း ၄၁၃.၄၂၇ သန်း အကုန်အကျခံကာ မြတ်ဟိန်းထက်ကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ အခုဆိုလို့ရှိရင်တော့ ကိုးပင်- သာဂရလမ်းကနေစလို့ရှိရင် သာစည်ကျေးရွာနဲ့ ဆင်မတောင်ကျေးရွာလမ်းပိုင်းဟာဆိုလို့ရှိရင် နွေအခါဆိုလို့ရှိရင် ကားနဲ့သွားလို့ရှိရင် မြင်းစီးသွားရသလိုဖြစ်နေပြီးတော့ မိုးတွင်းအခါမှာ ဗွက်နစ်တဲ့လမ်းတစ်လမ်းဖြစ်နေပါပြီ။ ဒါပေမဲ့ ကျွန်တော်တို့ အခုသတ္တမအကြိမ် လွှတ်တော်အစည်းအဝေးပြန်မစခင် ဘတ်ဂျက်စာအုပ်တွေပေးလိုက်တဲ့အခါအမှာ ဘတ်ဂျက်စာအုပ်တွေလှန်ပြီးကြည့်တဲ့အခါမှာ ၂၀၁၈ ခုနှစ် ခြောက်လတာ မီနီဘတ်ဂျက်မှာ အခုလမ်းအတွက် ၃၀၁.၂ သန်း လျာထားတာကို တွေ့ရပါတယ်။ ဒါပေမဲ့ ကျောက်ချောလမ်းမဟုတ်ပါဘူး။ မြေနီကျောက်စလစ်လမ်းပါ။ ဘယ်နှစ်မိုင်အတွက်ရယ်လို့လဲ ရေးထားတာမတွေ့ရပါဘူး။ ပုံမှန်အားဖြင့်ဆိုလို့ရှိရင်တော့ မြေသားလမ်းဖောက်တယ်။ ပြီးရင်မြေနီလမ်း။ မြေနီလမ်းပြီးရင် ကျောက်ချောလမ်း အဆင့်မြှင့်တင်ပေးတယ်လို့ နားလည်ပါတယ်။ တစ်လမ်းလုံးဆိုးဝါးနေတာလည်း မဟုတ်ပါဘူး။ ဒီကြားကာလ သာစည်ကနေပြီးတော့ ဆင်မတောင်ကြားမှာ အင်မတန်မှကိုဆိုးဝါးနေပါတယ်။ ယခုလမ်းကိုလည်း ကျွန်တော်တို့ ဘတ်ဂျက်လျာထားမှုအရ လေးမိုင်ရရ၊ ငါးမိုင်ရရ ကျောက်ချောလမ်းခင်းပေးမယ်ဆိုလို့ရှိရင် ပိုမိုသင့်တော်မယ် လို့ထင်မြင်မိပါတယ်။ နိုင်ငံတော်ဘတ်ဂျက်လည်း လေလွင့်ဆုံးရှုံးမှုမဖြစ်စေဖို့ ဒေသခံတွေအတွက်လည်း ထိုက်သင့်သလောက် လမ်းကောင်းကောင်း ရရှိသွားမှာဖြစ်ပါတယ်။ ဒီလမ်းကိုအသုံးပြုနေတဲ့ ကျေးရွာသူ၊ ကျေးရွာသားတွေအနေနဲ့လည်း မြေသားလမ်းဖောက်လိုက်၊ မြေနီလမ်းခင်းလိုက် ပြီးလို့ရှိရင် ကားကြီးမပြောနဲ့ ထွန်စက်၊ ထော်လာဂျီ မောင်းနေပြီဆိုလို့တောင်မှာပဲ လမ်းပျက်စီးသွားတာတွေကို ယခင်ကာလများက နဖူးတွေ့၊ ဒူးတွေ့ ကြုံခဲ့ကြရဖူးပြီမို့ ကျွန်တော်တို့ အစိုးရသစ်လက်ထက်မှာ အဲဒီလိုမျိုးမဟုတ်ဘဲနဲ့ ရာသီမရွေး သွားလာနိုင်တဲ့ လမ်းမျိုးတွေဖြစ်ဖို့ ဒေသခံတွေက များစွာမျှော်လင့်တောင့်တနေကြပါတယ်။ သို့ဖြစ်ပါ၍ သာစည်- စပါးရင်းတွင်းလမ်းအား ရာသီမရွေးသွားလာနိုင်တဲ့ ကျောက်ချောလမ်းအဖြစ်

ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်းမှမေးမြန်းထားတဲ့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲ မြို့နယ်အတွင်းရှိ သာစည်-စပါးရင်းတွင်းလမ်းအား ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးသွားရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ သာစည်-စပါးရင်းတွင်းလမ်းအရှည် ၁၆ မိုင် ၂ ဖာလုံသည် ကိုးပင်- သာဂရလမ်းနှင့် ခရိုင်ချင်းဆက် လမ်းတို့ကို ဆက်သွယ်ထားသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ အဆိုပါ ကျေးရွာချင်းဆက်လမ်း၏ လက်ရှိအခြေအနေမှာ အမာခံ မြေနီလမ်းဖြစ်ပြီးတော့ ရေမြောင်းများတည်ဆောက်ရန် လိုအပ်ခြင်း၊ လမ်းဘေးဝဲ/ယာစိုက်ခင်းများရှိ ရေများသည် လမ်းသားအတွင်းသို့ စိမ့်ဝင်ခြင်းတို့ကြောင့် လမ်းသားနိမ့်ကျပျက်စီးလျက် ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာတဲ့ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ သာစည်-စပါးရင်းတွင်းလမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class (C)မှာပါဝင်တဲ့အတွက် လတ်တလော ဒီသုံးနှစ်တာကာလအတွင်းမှာတော့ အဆင့်မြှင့်တင်ဆောင်ရွက် ပေးရန် လောလောဆယ်အစီအစဉ်မရှိသေးပါဘူး။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နောက်ပိုင်းကာလ များမှာတော့ အဆင့်မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ ယခုအခါမှာ ထိုသို့ ကျေးရွာချင်းဆက်လမ်းသည် ဆိုးရွားပြီးမြေသားနိမ့်ကျမှုတွေဖြစ်နေတဲ့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**မြစ်သားမြို့နယ်ရှိ အမှတ်(၂) ခရိုင်ပတ်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာလင်းလင်းကျော်(မြစ်သားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မြစ်သားမဲဆန္ဒနယ်က ဒေါက်တာလင်းလင်းကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့မှာ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်ရှိ ခရိုင်ပတ်လမ်း(၂)ကို ရာသီမရွေးသွားလာနိုင်တဲ့ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီ ခရိုင်ပတ်လမ်း အမှတ်(၂)က ယခုစံသတ်မှတ်တဲ့နှုန်းနဲ့ဆိုရင် Class A အမျိုးအစားထဲမှာပါဝင်ပါတယ်။ လက်ညှိုးထိုး-မြင်းခြံလမ်းမကြီးနဲ့ မြစ်သားမြို့နယ်-တံတားဦးမြို့နယ်-ကျောက်ဆည်မြို့နယ်တို့ကို ချိတ်ဆက်ထားတဲ့ လမ်းလည်းဖြစ်ပါတယ်။ ကျွန်တော်တို့မြစ်သားမြို့နယ်မှာဆိုရင်ပဲ ရွာခုနစ်ရွာလောက်က ဒီလမ်းပေါ်မှာ မေးတင်နေပြီးတော့ တခြား ဒီလမ်းကိုအသုံးပြုနေတဲ့ ရွာပေါင်းများစွာရှိပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ ကျောက်ဆည်ခရိုင်အတွင်းမှာဆိုရင်လည်း မြစ်သားမြို့နယ် သာမက တံတားဦးမြို့နယ်၊ ကျောက်ဆည်မြို့နယ်ကရွာတွေကလည်း ဒီလမ်းကို အသုံးပြုနေရပါတယ်။ ဒါတင်မကဘဲနဲ့ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်ကလည်း ဒီလမ်းနဲ့လာပြီးတော့ ထိစပ်နေတဲ့အတွက် မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်ကရွာများကလည်း ဒီလမ်းကို အဓိကအားထားပြီး အသုံးပြုနေရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလောက် အရေးပါတဲ့လမ်းက ယခုအခါမှာ လမ်းက ပျက်စီးယိုယွင်းနေပြီးတော့ တံတားတွေကလည်း ဟောင်းနွမ်းပျက်စီးနေတာ များစွာရှိပါတယ်။ တကယ်လို့ ဒီလမ်းကိုအဆင့်မြှင့်မယ်ဆိုရင်လည်း လိုအပ်တဲ့လမ်းအကျယ်လည်းရှိပြီးသားဖြစ်ပါတယ်။ လမ်းအောက်ခံအနေနဲ့လည်း အမာခံရှိပြီးသား ဖြစ်တဲ့အတွက် အဆင့်မြှင့်တင်ရန် အဆင်သင့်ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ကျောက်ဆည်ခရိုင်မှာရှိတဲ့ မြစ်သားမြို့နယ်၊ တံတားဦးမြို့နယ်၊ ကျောက်ဆည်မြို့နယ်အပါအဝင် နွားထိုးကြီးမြို့နယ်မှာရှိတဲ့ ကျေးရွာသူကျေးရွာသားများအတွက် ပြည်သူ့ကိုယ်စား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလင်းလင်းကျော်မှ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ မြို့နယ်သုံးမြို့နယ်မှ ကျေးရွာများအတွက် အရေးပါသော အမှတ်(၂)ခရိုင်ပတ်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးပါရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးပါမည်နည်း၊ မရှိပါက အဘယ်ကြောင့်ကို သိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်(၂)ခရိုင်ပတ်လမ်းသည် မြစ်သား-တံတားဦး-ကျောက်ဆည်မြို့နယ်တို့ကိုဖြတ်၍ ဖော်လုပ်ထားတဲ့လမ်းဖြစ်ပြီးတော့ မြစ်သားမြို့နယ်အတွင်းမှာ ၈ မိုင်၊ တံတားဦးမြို့နယ်အတွင်းမှာ ၂ မိုင် ၄ ဖာလုံရှိပါ

တယ်။ မြစ်သားမြို့နယ်အတွင်း ၈ မိုင်အား ၁၉၉၆-၁၉၉၇ ဘဏ္ဍာရေးနှစ်မှာ မြေသားလမ်းဖောက်လုပ်ခဲ့ပြီးတော့ ဂဝံခင်းခြင်းလုပ်ငန်းများဆောင်ရွက်ထားရှိပါတယ်။ တံတားဦးမြို့နယ်အပိုင်း ၂ မိုင် ၄ ဖာလုံမှာလည်း မြေသားလမ်းအဆင့်ဖြစ်ပါတယ်။ မြစ်သားမြို့နယ်အပိုင်း ၈ မိုင်နှင့် တံတားမြို့နယ်အပိုင်း ၂ မိုင် ၄ ဖာလုံအား ကတ္တရာလမ်းအဖြစ်ဆောင်ရွက်မှသာ တစ်ဆက်တည်းသွားလာနိုင်မှာဖြစ်ပါတယ်။ ကတ္တရာလမ်းအဖြစ်ဆောင်ရွက်ပါက ခန့်မှန်းကုန်ကျငွေကျပ် ၁၉၁၄.၈ သန်း ကုန်ကျမှာဖြစ်ပါတယ်။ အဆိုပါလမ်းပေါ်မှာ Box Culvert ခြောက်စင်း၊ တံတားနှစ်စင်းနှင့် ရေကျော်တံတားနှစ်စင်းတို့ကိုလည်း ဆောင်ရွက်ရန်လိုအပ်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါကုန်ကျငွေတွေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းလျာထားမှာဖြစ်ပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**တန့်ဆည်မြို့နယ်၊ သပြေရင်း-ရွာမ-ရွှေကူလမ်းပေါ်ရှိ ညောင်ဇီးကုန်းတံတားကို ကွန်ကရစ်တံတား (၁)စင်းဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ထွန်း(တန့်ဆည်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တန့်ဆည်မြို့နယ်မှာ မရှိမဖြစ်လိုအပ်နေတဲ့ တံတားတစ်စင်းနဲ့ပတ်သက်လို့ မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ ရွှေကူချောင်းကိုဖြတ်လျက်တည်ဆောက်ထားတဲ့ ညောင်ဇီးကုန်းတံတားဆိုတာရှိပါတယ်။ ဒီတံတားဟာ ကိုယ်ထူကိုယ်ထတည်ဆောက်ထားတဲ့ သစ်သားတံတားအမျိုးအစားပဲဖြစ်ပါတယ်။ ဒီတံတားကို ရွာပေါင်း ၃၃ ရွာအသုံးပြုလျက်ရှိပါတယ်။ ဒါ့အပြင် ရေဦး-ကလေးဝလမ်းကိုချိတ်ဆက်ထားတဲ့ သပြေရင်း-ရွာမ-ရွှေကူလမ်းပေါ်မှာရှိပြီးတော့ မြို့ပေါ်တက်တဲ့လမ်းလည်းဖြစ်ပါတယ်။ ဒီတံတားဟာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့်မို့ မနှစ်က ချောင်းရေနဲ့အတူ မျောပါသွားခဲ့ပါတယ်။ ဒီတံတားမရှိတဲ့အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတွေမှာ အခက်အခဲများစွာကြုံတွေ့ရပါတယ်။ ဒါကိုထင်ရှားစေဖို့အတွက် ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါ။

ဒါကတော့ ကျွန်တော်ရယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးရယ်၊ လ.ဝ.က ဦးစီးမှူးရယ်၊ လမ်းတံတားဦးစီးဌာနနဲ့သွားရောက်ပြီးတော့ ကြည့်ရှုနေတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ တံတားပါသွားတဲ့အတွက် ရွာသားတွေက ကိုယ်ထူကိုယ်ထပြန်လည်ပြီးတော့တည်ဆောက်ဖို့ ကြိုးစားနေတာဖြစ်ပါတယ်။ ဒါကတော့ တစ်ဖက်ကမ်းကကျောင်းကိုသွားဖို့အတွက် ချောင်းကမ်းပါးကိုတက်နေတဲ့ပုံဖြစ်ပါတယ်။ ဒါက ကျောင်းကိုသွားဖို့အတွက် ကလေးတွေခက်ခက်ခဲခဲရေကူးနေတဲ့ပုံဖြစ်ပါတယ်။ ဒါကိုမြင်တာနဲ့ ဒီတံတားကလိုအပ်တယ်ဆိုတာထင်ရှားနေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ဒါနဲ့ပတ်သက်လို့လည်း စစ်ကိုင်းတိုင်းဝန်ကြီးချုပ်နဲ့ စစ်ကိုင်းတိုင်းအခွန်ဘဏ္ဍာဝန်ကြီးကို ကျွန်တော်ချက်ချင်းသွားရောက်

ပြီးတော့ ကိုယ်တိုင်သတင်းပို့ခဲ့ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ မရှိမဖြစ်လိုအပ်တဲ့တံတားကို တည်ဆောက်ပေးဖို့ မေးခွန်းမေးမှာကတော့ တန့်ဆည်မြို့နယ်၊ သပြေရင်း-ရွာမ-ရွှေကူလမ်းပေါ်ရှိ ညောင်ဇီးကုန်းတံတားကို ကွန်ကရစ်တံတား တစ်စင်းဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် သိရှိလို၍ ဥက္ကဋ္ဌမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်းမှမေးမြန်းထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ သပြေရင်း-ရွာမ-ရွှေကူလမ်းပေါ်ရှိ ညောင်ဇီးကုန်းတံတားကို လာမယ့်ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်တံတားတစ်စင်း ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တန့်ဆည်မြို့နယ်အတွင်းရှိ သပြေရင်း-ရွာမ-ရွှေကူလမ်းသည် ကလေး၀-ရေဦးလမ်းကြီးနှင့် ဆက်သွယ်သောလမ်း ဖြစ်ပါတယ်။ အဆိုပါလမ်းပေါ်ရှိ ညောင်ဇီးကုန်းတံတားသည် ရွှေကူချောင်းပေါ်တွင်တည်ရှိပြီး ၂၀၀၅ ခုနှစ်မှာ ကျေးရွာမှကိုယ်ထူကိုယ်ထတည်ဆောက်ခဲ့တဲ့ သစ်သားတံတားဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ် ဩဂုတ်လမှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေမျောပါသွားခဲ့သဖြင့် ပြန်လည်အဆင့်မြှင့်တင်တည်ဆောက်ပေးရန် လိုအပ်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ညောင်ဇီးကုန်းတံတားသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class(A)၊ ဦးစားပေးအဆင့်(၁)မှာပါရှိတဲ့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေထည့်သွင်းလျာထားပြီးတော့ ဘဏ္ဍာငွေရရှိမှုပေါ်မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မကွေးမြို့နယ်အတွင်းရှိ သမိုင်းဝင်ကွေ့ချောင်းခံတပ်သို့ အဆင်ပြေချောမွေ့စွာသွားရောက်လေ့လာနိုင်ရန် ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးရွှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော်ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ်က ဦးမင်းသိန်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းလိုတာကတော့ မကွေးမြို့နယ်အတွင်းမှာရှိတဲ့သမိုင်းဝင် ကွေ့ချောင်းခံတပ်ကြီးကို သွားရောက်လေ့လာရာမှာ အဆင်ပြေချောမွေ့စေရန်နှင့် ကမ္ဘာလှည့်ခရီးသွား၊ မြန်မာ့ခရီးသွားများ စိတ်ဝင်စားစရာနေရာဖြစ်လာစေဖို့ ကတ္တရာလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိမေးမြန်းသွားချင်ပါတယ်။ ဒီကွေ့ချောင်းခံတပ်

ကြီးဟာ မကွေးမြို့ရဲ့အောက်ဘက် ၁၂ မိုင်အကွာ ဧရာဝတီမြစ်ရဲ့အရှေ့ဘက်ကမ်းမှာ ရှိပါတယ်။ ပဌနဂိုရ်ရွာနှင့် တောင်တွင်းကြီး-မကွေးကားလမ်းပေါ်ကို ဆက်သွယ်ထားတဲ့လမ်းအတိုင်း ဝင်ရောက်သွားရတာပါ။ ဒါပေမဲ့လူတိုင်းမသိကြပါဘူး။ မြေနီကျောက်စရစ် ၁၂ ပေလမ်းကလေးသာရှိတာမို့လို့ ကားကလေးများဝင်ရောက်ရန်မလွယ်ပါဘူး။ အင်္ဂလိပ်-မြန်မာတတိယစစ်ပွဲမဖြစ်မီ မင်းတုန်းမင်းကြီးရဲ့ လမ်းညွှန်မှု၊ ကနောင်မင်းသားကြီးရဲ့ကြီးကြပ်ကွပ်ကဲမှုနဲ့ ဧရာဝတီမြစ်ကမ်းပေါ်မှာ ခံတပ်ကြီးနှစ်ခုကို ခေးလွယ်ကုတ် အနေအထားတည်ဆောက်ခဲ့ပါတယ်။ အဲဒီခံတပ်ကြီးနှစ်ခုကတော့ မြစ်အနောက်ဘက်မှာ မင်းလှခံတပ်နဲ့ မြစ်ရဲ့အရှေ့ဘက်မှာ ဂွေ့ချောင်းခံတပ်တို့ဖြစ်ပါတယ်။ အဲဒီခံတပ်ကြီးနှစ်ခုဟာ အကယ်၍များ အင်္ဂလိပ်ရေတပ်များ၊ သင်္ဘောများ ဧရာဝတီမြစ်ကြောင်းအတိုင်း ကျူးကျော်လာတယ်ဆိုရင် ဟိုဘက် ဒီဘက်ညှပ်ပြီးပစ်ဖို့ တည်ဆောက်ထားတာဖြစ်ပါတယ်။ စင်ကျုံးကြီးများ၊ စစ်တန်းလျားများ၊ ယမ်းတိုက်ကြီးများကို တောင်ကုန်းကြီးကို ဖောက်ပြီးတော့ တည်ဆောက်ထားတာဖြစ်ပါတယ်။ အဝေးကနေကြည့်တယ်ဆိုလို့ရှိရင် ခံတပ်လို့မထင်ရဘဲနဲ့ တောင်ကုန်းကြီးလို့သာ မြင်ရပါတယ်။ ဒီနေရာဟာ ကျွန်တော်တို့မြန်မာတွေရဲ့ ဒေါင်းအလံတလူလူလွှင့်ခဲ့တဲ့နေရာ၊ ကြံုးဝါးသံတွေ ဆူညံခဲ့တဲ့နေရာ၊ သွေးညှီနံ့လွှမ်းခဲ့တဲ့နေရာဖြစ်ပါတယ်။ ဒီလောက် မြန်မာ့သမိုင်းမှာ သမိုင်းတန်ဖိုး၊ ဇာတိမာန်တန်ဖိုး၊ ဗိသုကာတန်ဖိုးရှိတဲ့ နေရာကြီးသို့ ဝင်ရောက်လေ့လာရန် ကတ္တရာလမ်းလေးတောင်မှ မရှိပါဘူး။ လူမသိ၊ သူမသိ တိတ်ဆိတ်ခြောက်ကပ်နေတဲ့နေရာကြီး ဖြစ်နေပါတယ်။ စက်ရုံအလုပ်ရုံကြီးတွေရှိတဲ့ နေရာတွေကို ကတ္တရာလမ်းတွေခင်းပေးရပါတယ်။ အခုလည်း ဒီခံတပ်ကြီးဟာ မီးခိုးမထွက်တဲ့ဇာတိမာန်စက်ရုံကြီးဖြစ်ပါတယ်။ ဒါကြောင့် ဂွေ့ချောင်းခံတပ်ကို လူသိများအထင်အရှားဖြစ်လာရအောင် ကတ္တရာလမ်းခင်းပေးဖို့ အစီအစဉ်ရှိ/မရှိ သက်ဆိုင်ရာမှ ဖြေကြားပေးပါရန်နှင့် ခံတပ်ကြီးအကြောင်းကို Power point နဲ့ တင်ပြခွင့်ပြုပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။ ဒါ ဂွေ့ချောင်းခံတပ်ရဲ့ တည်နေရာဖြစ်ပါတယ်။ ဂွေ့ချောင်းခံတပ်ရဲ့ကျောက်စာဖြစ်ပါတယ်။ ခံတပ်ကြီးပေါ်ကနေမြင်ရတဲ့ ဧရာဝတီမြစ်အကွေ့ကြီးဖြစ်ပါတယ်။ ခံတပ်ကြီးအတွင်းမှာရှိတဲ့ ပေ ၁၅၀ ကျော်ရှိတဲ့ စင်ကျုံးကြီးဖြစ်ပါတယ်။ ယမ်းတိုက်ဖြစ်ပါတယ်။ ကင်းပတ်လမ်းများဖြစ်ပါတယ်။ ထပ်ပြီး ကင်းပတ်လမ်းများပါ။ စစ်သည်တော်များနေတဲ့အခန်းတွေ ဖြစ်ပါတယ်။ စစ်သည်ဆောင်ရဲ့အတွင်း မြင်ကွင်းဖြစ်ပါတယ်ခင်ဗျား။ ကုန်းထိပ်ပေါ်ကို အမြောက်ကို ဆင်နဲ့ ဆွဲတင်ရတာဖြစ်တဲ့အတွက်ကြောင့် ဆင်သွားလမ်းနှင့် လူတက်လမ်း ဖြစ်ပါတယ်။ ဆင်သွားလမ်းပဲ ဖြစ်ပါတယ်။ ဒါ ကုန်းထိပ်ပေါ်က အမြောက်ပစ်တဲ့ မြင်ကွင်းဖြစ်ပါတယ်။ ဧရာဝတီမြစ်ထဲကို လှမ်းချိန်ပြီးပစ်တာဖြစ်ပါတယ်။ မြေအောက်ခန်းရှိပါတယ်။ မြေအောက်ခန်းထဲကို အလင်းရောင်ဝင်ပေါက်များကို အဆင့်မြင့်မြင့်ဆောက်ထားတာဖြစ်ပါတယ်။ အရာရှိအဆောင်များ ဖြစ်ပါတယ်။ ဒါကြောင့် ဒီခံတပ်ကိုသွားမယ့် ကတ္တရာလမ်းခင်းပေးရန်အစီအစဉ်ရှိ/မရှိ ကျွန်တော်မေးမြန်းခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက သေချာစဉ်းစားဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းမှ မေးမြန်းထားတဲ့ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်အတွင်းရှိ သမိုင်းဝင်ကွေ့ချောင်းခံတပ်သို့ အဆင်ပြေချောမွေ့စွာ သွားရောက် လေ့လာနိုင်ရန် ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီးအတွင်းရှိ ကွေ့ချောင်းခံတပ်သို့ သွားသည့် လမ်းတစ်မိုင်နှစ်ဖာလုံသည် မကွေး-တောင်တွင်းကြီးလမ်းနှင့် မလွန်တံတားတို့ ဆက်သွယ်ထားတဲ့ ပဌနဂိုရ်လမ်းပေါ်ရှိ ကွေ့ချောင်း (တောင်ရွာ)နှင့် (မြောက်ရွာ)ထိပ်မှ ဆက်သွယ်ဖောက်လုပ်ထားသောလမ်းဖြစ်ပြီးတော့ ဧရာဝတီမြစ်ကမ်းဘေးမှာ တည်ရှိပါတယ်။ လမ်း၏အခြေအနေမှာ မြေနီကျောက်စရစ်လမ်းအမျိုးအစားဖြစ်ပါတယ်။

အဆိုပါ ပဌနဂိုရ်မှ မကွေး-တောင်တွင်းကြီးကားလမ်းမကြီးသို့ ဆက်သွယ်တဲ့လမ်းသည် စွမ်းအင်ဝန်ကြီးဌာနပိုင်လမ်းဖြစ်ပြီးတော့ မြေနီကျောက်စရစ်လမ်းအမျိုးအစား ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော ကွေ့ချောင်းခံတပ်လမ်းသည် ဧရာဝတီမြစ်ကမ်းဘေးမှာတည်ရှိတဲ့ ကျေးရွာချင်းဆက်လမ်းဖြစ်ပြီးတော့ လမ်းအဆင့်သတ်မှတ်ချက်အရ Class(B) ဦးစားပေးအဆင့်(၂)မှာပါရှိနေပါတယ်။ သို့သော်လည်းပဲ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ကျွန်တော်တို့ရဲ့ Class(A)(B)(C) ဆိုတာလည်းပဲ တကယ်တော့ ဝန်ကြီးချုပ်များထံကို ကျွန်တော်တို့က ပေးပို့လိုက်ပြီး ဝန်ကြီးချုပ်များမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးပြီးမှ A, B, C, 1, 2, 3 ဆိုပြီးတော့ ကျွန်တော်တို့ဝန်ကြီးဌာနကို ပြန်လည်ပေးပို့လာတဲ့ စာရင်းများဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီနေ့ကိုယ်စားလှယ်ကြီး Power Point ထိုးပြလိုက်တဲ့အခါကျတော့ တော်တော်ကို ခမ်းနားတဲ့ခံတပ်ကြီးကို ကျွန်တော်တို့ တွေ့ရပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း မင်းလှခံတပ်ပဲ ရောက်ဖူးတာဖြစ်ပြီးတော့ ဒီလောက်ကြီးကျယ်တဲ့ ကွေ့ချောင်းခံတပ်ကြီးဆိုတာ။ နောက်ပြီးတော့ ကွေ့ချောင်းခံတပ် ကျွန်တော်တို့ဝန်ကြီးဌာနက တာဝန်ယူရတဲ့ တစ်မိုင်ခွဲလေးပဲရှိတာဟာ လမ်းအဆင့်သတ်မှတ်ချက်(B)ဆိုရင် ကျွန်တော့်အနေနဲ့ ဖြေကြားရမယ့်အဖြေဟာ အဆင်မပြေပါဘူးခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ပြောရမယ်ဆိုရင်တော့ တစ်မိုင်ခွဲလေးရှိတဲ့လမ်းလေးဟာ ကွေ့ချောင်းခံတပ်ကြီးလည်းရှိတဲ့အတွက် ကျွန်တော်တို့တာဝန်ယူတဲ့ တစ်မိုင်ခွဲလမ်းလေးကို ကတ္တရာလမ်း အဆင့်မြှင့်တင်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ။ လိုတာရပြီလေ။ ဘာနောက်ဆက်တွဲရှိဦးမလဲ။ လိုတာရပြီးမှတော့ နောက်ဆက်တွဲ တစ်ဆက်တစ်စပ်တည်းက ဘာရှိဦးမှာလဲ။ စဉ်းလည်းစဉ်းစားကြဦး။ နောက်ဆက်တွဲမေးတော့မှ တစ်ခါပြောင်းပြန် ပြန်သွားရင်ခက်တော့မယ်။

**ပင်လုံမြို့မှ ပန်မုန့်ကျေးရွာအုပ်စု နောင်ဟိုင်းရွာသွားလမ်း ဝမ်အင်ဘုန်းတော်ကြီးကျောင်းအထိ မြေသားလမ်း(၂)မိုင်ခန့်အား ကတ္တရာလမ်း သို့မဟုတ် ကျောက်အမာခံ ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီး များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သရင်းနှင့် မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်း ပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါ တယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့အထွက်မှ ပန်မုန့်ကျေးရွာအုပ်စု နောင်ဟိုင်းရွာသို့သွားသည့်လမ်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ခွင့်ပြုရန်ပုံငွေဖြင့် ကွန်ကရစ်တံတားကြီးတစ်စင်းအား ၂၀၁၄ ခုနှစ်အချိန် ခန့်က တည်ဆောက်ပေးခဲ့ပါတယ်။ ဒေသခံတိုင်းရင်းသား ရှမ်းလူမျိုးတွေ၊ ပအိုဝ်းတိုင်းရင်းသား မိဘ ပြည်သူများဟာ ခရီးလမ်းချောမွေ့စွာသွားလာနိုင်ရတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါကြောင်း ဦးစွာ ပြောကြားတင်ပြလိုပါတယ်။ ဒေသခံတိုင်းရင်းသားမိဘပြည်သူများမှ ဆောင်ရွက်ပေးစေလိုသည်မှာ ပင်လုံမြို့အထွက်မှ ပန်မုန့်ကျေးရွာအုပ်စု နောင်ဟိန်းရွာသွား မြေသွားလမ်းအရှည်နှစ်မိုင်ခန့်ကို ကတ္တရာလမ်း သို့မဟုတ် ကျောက်အမာခံ ကျောက်ချောလမ်းခင်းပေးရန် တင်ပြလာပါတယ်။ သို့ဖြစ်ပါ၍ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာဌာနသို့ အောက်ပါကြယ်ပွင့် ပြမေးခွန်းကို မေးမြန်းပါမယ်ခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့မှ ပန်မုန့် ကျေးရွာအုပ်စု၊ နောင်ဟိုင်းရွာသွားလမ်း ဝမ်အင်ဘုန်းတော်ကြီးကျောင်းအထိ မြေသားလမ်းနှစ်မိုင်ခန့် အား ကတ္တရာလမ်း သို့မဟုတ် ကျောက်အမာခံ ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ သိလို ပါတယ်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးပါမည်နည်း။ အစီအစဉ်မရှိပါက အဘယ်ကြောင့်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနကဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်၊ လွိုင်လင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီမှ မေးမြန်းထားတဲ့ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့မှ ပန်မုန့်ကျေးရွာအုပ်စု၊ နောင်ဟိုင်းရွာ သွားလမ်း ပင်လုံ-နောင်ဟိုင်း-ဝမ်အင် ကျေးရွာချင်းဆက်လမ်းနှင့်ပတ်သက်၍ ကျေးရွာချင်းဆက် မြေသားလမ်း(၂)မိုင်အား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

မူကြမ်း

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့မှ ပန်မုန့်ကျေးရွာအုပ်စု နောင်ဟိုင်းရွာသွားလမ်း ပင်လုံ-နောင်ဟိုင်း-ဝမ်အင် ကျေးရွာချင်းဆက်လမ်း ၁ မိုင် ၅ ဖာလုံသည် ပင်လုံ-လွိုင်လင်လမ်းနှင့်ဆက်သွယ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး လက်ရှိအခြေအနေမှာ အမာခံမြေသားလမ်းဖြစ်ပါတယ်။ အဆိုပါ လွိုင်လင်မြို့နယ်၊ နောင်ဟိုင်းရွာသွားလမ်း ပင်လုံ-နောင်ဟိုင်း-ဝမ်အင် ကျေးရွာချင်းဆက်လမ်းသည် လမ်းဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းမကြီးများနှင့် တိုက်ရိုက်ဆက်သွယ်ထားသည့်လမ်းတွင်ပါဝင်သဖြင့် လမ်းအဆင့်သတ်မှတ်ချက်အရ Class(A)မှာပါဝင်သောလမ်းဖြစ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေမှာ ကျောက်ချောလမ်း ၁ မိုင် ၅ ဖာလုံ ဆောင်ရွက်ရန် ထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါလမ်းအား ရှမ်းပြည်နယ်အစိုးရ၏ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမှာဖြစ်ပြီးတော့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မတိုင်မီမှာ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရေဂလုပ်-ကျားကိုက်ချောင်း-ချောင်ကြီး-ဘုရားကြီးကုန်း-ဆင်ကူး ကျေးလက်မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရေဂလုပ်-ကျားကိုက်ချောင်း-ချောင်ကြီး-ဘုရားကြီးကုန်း-ဆင်ကူး ကျေးလက်မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ရေဂလုပ်-ကျားကိုက်ချောင်း-ချောင်ကြီး-ဘုရားကြီးကုန်း-ဆင်ကူး ကျေးလက်မြေသားလမ်းဟာ ကျောင်းကုန်းမင်းမနိုင်ချောင်းရဲ့ အနောက်ဘက်ကမ်းမှာရှိတဲ့ ကျေးရွာအုပ်စု(၅)အုပ်စုကို ဆက်သွယ်ထားသောလမ်းဖြစ်ပါတယ်။ မြစ်ရဲ့အရှေ့ဘက်ခြမ်းမှာရှိတဲ့ ကျောင်းကုန်း-အိမ်မဲ ကတ္တရာလမ်းကို ရေဂလုပ်တံတား၊ ချောင်ကြီးတံတားတို့ဖြင့် ဆက်သွယ်ထားရှိပါတယ်။ အဆိုပါမြေသားလမ်းပေါ်မှာ ချောင်ကြီးအထက်တန်းကျောင်း၊ ချောင်ကြီးတိုက်နယ်ဆေးရုံ၊ ဘုရားကြီးကုန်း အခြေခံပညာအလယ်တန်းကျောင်းနှင့် ဘုရားကြီးကုန်း ကျေးလက်ကျန်းမာရေးဌာနခွဲများနဲ့ ကျေးရွာအသီးသီးရဲ့မူလတန်းကျောင်းများ တည်ရှိနေတဲ့လမ်းမကြီးဖြစ်ပါတယ်။ မိုးတွင်းအခါမှာ ကျောင်းသူကျောင်းသားများနှင့် ပြည်သူများ သွားလာခက်ခဲမှုရှိသလို ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးမှအစ နောက်ကျကျန်ခဲ့ရပါတယ်။ အဆိုပါ လမ်းဟာ ရေဂလုပ်-ချောင်ကြီး ကျောက်ချောလမ်းနှင့် ဆင်ကူး-ပါရမီဒေါင့်၊ အိမ်မဲကွန်ကရစ်ကတ္တရာ လမ်းမကြီးနှင့်လည်း

ဆက်သွယ်ထားရှိပါတယ်။ အဆိုပါလမ်းကို အသုံးပြုတဲ့ ကျေးရွာအုပ်စု(၅)အုပ်စု အပြင် ကျေးရွာခွဲပေါင်း ၃၃ ရွာကလည်း ဒီလမ်းမကို အခြေပြုပြီးတော့ တိုက်ရိုက်အသုံးပြုနေတဲ့ လမ်းများ ဖြစ်ပါတယ်။ နောက်တစ်ခုကလည်း ချောင်းရဲ့တစ်ဖက်ကမ်းမှာရှိတဲ့ ကျေးရွာအုပ်စု(၁၇) အုပ်စုက ကျေးရွာများလည်း သွယ်ဝိုက်သောနည်းများနဲ့ ဒီလမ်းကြီးကို အဓိကထားပြီးတော့ ဆောင်ရွက်နေတဲ့ လမ်းဖြစ်ပါတယ်။ အဲဒီတော့ ကွန်ကရစ်လမ်းမကြီးကလည်း ကျွန်တော်တို့ ကျောင်းကုန်းမြို့နယ်ကနေ ပြီးတော့ အိမ်မဲ-ပါရမီဒေါင့်ကနေပြီးတော့ ဆင်ကူးကျေးရွာအထိ ကွန်ကရစ်လမ်းလည်းရှိပြီး ဖြစ်နေ ပါတယ်။ ဒီဘက်ကလည်း မြေဂလုပ်လမ်းကလည်း ရေဂလုပ်ဒေါင့်ကျဉ်းလမ်းမကြီးနဲ့လည်း ဆက်သွယ် နေတဲ့လမ်းဖြစ်တဲ့အတွက်ကြောင့် ဒီလမ်းကြီးကို ရာသီမရွေးသွားလာနိုင်တဲ့ ကျောက်ခင်းလမ်းအဖြစ် ပြည်သူများကလည်း တကယ်ဆန္ဒရှိနေပါတယ်။ ကျွန်တော်တို့က လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေ သိန်းတစ်ထောင်မှရရှိတဲ့ ရန်ပုံငွေလေးတွေကိုလည်း ဒီကျေးရွာအုပ်စု(၅) အုပ်စုကနေပြီးတော့ လမ်းများမြှင့်တင်ခြင်း၊ လမ်းများချဲ့ခြင်း၊ အခြေခံလမ်းမကြီးဖြစ်အောင် နှစ်စဉ်ပဲ ဆောင်ရွက်နေတဲ့ လမ်းများဖြစ်တဲ့အတွက်ကြောင့် ဒီ ကျားကိုက်ချောင်း၊ ချောင်းကြီး၊ ဘုရားကြီးကုန်း၊ ဆင်ကူး ကျေးလက် မြေသားလမ်းကို ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းထွန်းမှ မေးမြန်းထားတဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်အတွင်းရှိ ရေဂလုပ်-ကျားကိုက်ချောင်း-ချောင်းကြီး-ဘုရားကြီးကုန်း-ဆင်ကူး ကျေးလက်မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းကုန်း မြို့နယ်အတွင်းရှိ ရေဂလုပ်-ကျားကိုက်ချောင်း-ချောင်းကြီး-ဘုရားကြီးကုန်း-ဆင်ကူး ကျေးလက်မြေသား လမ်းအရှည် ၁၀ မိုင် ၃ ဖာလုံသည် ကျောင်းကုန်းမြို့နယ် ရေဂလုပ်-ဒေါင့်ကြီးကျောက်ချောလမ်းနှင့် အိမ်မဲမြို့နယ်မှ ဆင်ကူး-ပါရမီဒေါင့်-အိမ်မဲ ကွန်ကရစ်/ကတ္တရာလမ်းမကြီးနှင့် ဆက်သွယ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်း ဖြစ်ပါတယ်။ အဆိုပါ ကျောင်းကုန်းမြို့နယ် နှင့် အိမ်မဲမြို့နယ်တို့ကို ဆက်သွယ်မည့် ရေဂလုပ်-ကျားကိုက်ချောင်း-ချောင်းကြီး-ဘုရားကြီးကုန်း-ဆင်ကူးကျေးလက်မြေသားလမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class(B)ဦးစားပေးအဆင့်(၃)မှာ ပါဝင်ပါသဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်နောက်ပိုင်း ရန်ပုံငွေ ရရှိမှုအပေါ် မူတည်ပြီးတော့ ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ဒီနေ့ မေးခွန်းမေးတာတွေ၊ ဖြေကြားတာတွေကြည့်ခြင်းအားဖြင့် မေးခွန်းနဲ့ ဖြေကြားမှုဟာ သတ်မှတ်ချိန်အတွင်း ပြီးတာ ကျွန်တော်တို့ တွေ့ရှိရပါတယ်။ မေးတဲ့မေးခွန်းတွေနဲ့ ဖြေကြားတဲ့ဖြေကြားချက်တွေဟာလည်း တိုတိုနှင့်လိုရင်း ထိထိမိမိဖြေကြားတာတွေ့ရပါတယ်။ ဒီလိုတွေ့ရတဲ့အခါကျတော့ ကျွန်တော်တို့က လွှတ်တော်ဆိုင်ရာနည်းဥပဒေအတိုင်း ပထမတစ်နာရီ မေးခွန်းပြီးရပါတယ်။ ပထမ မေးခွန်းရှင်အတွက် ငါးမိနစ်၊ ဖြေကြားတဲ့ ဝန်ကြီးဌာနအတွက် ငါးမိနစ် ဆယ်မိနစ်ဆိုတော့ ကျွန်တော်တို့က မေးခွန်း ၆ ခုလောက်ပဲ ပေးလို့ရတယ်။ ဆယ်မိနစ်ဆိုတော့ တစ်နာရီပဲ။ တစ်နာရီအတွင်းလုပ်ရတယ်။ နည်းဥပဒေနှင့်လိုက်နာရတော့ အဲဒီတော့ ခြောက်ခုလောက်ပဲလုပ်ရတယ်။ ဒီလိုသာ တိုတိုနှင့်လိုရင်း ထိထိမိမိမေးကြမယ်၊ ဖြေကြမယ်ဆိုရင် ကျွန်တော်တို့ဘာပဲပြောပြောမေးခွန်းကို ခုနစ်ခု၊ ရှစ်ခုထိ တိုးပေးနိုင်တယ်။ အဲဒီလို တိုးပေးလို့ရှိရင် ကိုယ်စားလှယ်တွေကလည်း မေးခွန်းကို ပိုပြီးမေးလို့ရတယ်။ ဒါတစ်ကြောင်း နောက်တစ်ခုကလည်း ကျွန်တော်တို့ သတ်မှတ်ချိန်အတွင်း ဒီမေးခွန်းတွေ၊ အဆိုတွေပြီးတယ်ဆိုရင် ကျွန်တော်တို့ လွှတ်တော် Session ကိုလည်း ပုံမှန် Session ကိုလည်း တိုတိုနဲ့မြန်မြန်ဆန်ဆန်နားလို့ရတယ်။ အဲဒီလို နားလို့ရတယ်ဆိုရင်လည်း ကိုယ်စားလှယ်တွေက ကိုယ့်ရဲ့မဲဆန္ဒရှင်တွေကို ပြန်ပြီးတော့ မဲဆန္ဒရှင်တွေတွေ့တဲ့ အချိန်ပိုရမယ်။ ပြီးလို့ရှိရင် လွှတ်တော်ကျင်းပချိန်ရက် နည်းတာနဲ့အမျှ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေဟာလည်း များစွာသက်သာမယ်။ ဒါကြောင့်မို့လို့ အခုလိုဖြေကြားပေးတဲ့အတွက် အခုလိုမေးကြားတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။ နောက် အချိန်ပြန်ညှိပါမယ်။ နောက်ကို ခုနစ်ခု၊ ရှစ်ခုထိတိုးလို့ရရင် တစ်နာရီအတွင်းပြီးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ တိုးပေးပါ့မယ်။ ဒါ အားလုံးကို ကျွန်တော်အသိပေးအပ်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင် ကြောင်း လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ၂၂-၁၁-၂၀၁၇ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ကျွန်တော် အစီရင်ခံစာဖတ်ကြားသွားမှာဖြစ်ပါတယ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ (ကမတ-ဥပဒေကြမ်း)၁/၂၀၁၈- ၂၂

ရက် စွဲ ၊ ၂ ၀ ၁ ၈ ခု နှစ်၊ ဇန် န ဝါ ရီ လ ၁၂ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီရင်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၂၂-၁၁-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၇-၆၁၇

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီရင်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၇-၁၀-၂၀၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂၂-၁၁-၂၀၁၇ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီရင်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အောက်ဖော်ပြပါ ရည်ညွှန်းချက်များဖြင့် ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါသည် -

(က) ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီရင်ရေးအက်ဥပဒေတွင် ပါဝင်သော ပြဋ္ဌာန်းချက်များသည် ၁၉၆၂ ခုနှစ်၊ နောက်ပိုင်းတွင် ခေတ်ကာလနှင့်လျော်ညီခြင်းမရှိ၍ ကျင့်သုံးမှုအားနည်းခြင်း၊

(ခ) ဝန်ကြီးဌာနမှ စည်းကြပ်ဆောင်ရွက်သည့် အခြားဥပဒေများတွင် ဖော်ပြပါရှိပြီးဖြစ်ခြင်း၊

(ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတို့တွင် ကုန်တင်၊ ကုန်ချလုပ်ငန်းများအတွက် အလုပ်သမားများနှင့်သက်ဆိုင်သည့် ဥပဒေများ ပြဋ္ဌာန်းပြီးဖြစ်ခြင်း စသည့် ရည်ရွယ်ချက်များဖြင့် တင်ပြလာပါသည်။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၉-၁-၂၀၁၈ ရက် အင်္ဂါနေ့တွင် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ကို စိစစ်လေ့လာခဲ့ရာ ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီရင်ရေးအက်ဥပဒေပါ ဆိပ်ကမ်းအလုပ်သမားနှင့် အလုပ်ရှင်ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် ဝန်ကြီးဌာနမှ စည်းကြပ်ဆောင်ရွက်လျက်ရှိသော တည်ဆဲအလုပ်သမားရေးရာဥပဒေများတွင် ပြဋ္ဌာန်းပြီးဖြစ်သောကြောင့် ယခုအချိန်တွင် အသုံးပြုရန်မလိုအပ်တော့သဖြင့် ရုပ်သိမ်းရန်သဘောတူပြီး ဥပဒေခေါင်းစဉ်ရှိ ၂၀၁၇ ခုနှစ်ဆိုသည့် စကားရပ်ကို ၂၀၁၈ ခုနှစ်ဟု ပြင်ဆင်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီရင်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ဝ၅/ပသ (ကမတ-ဥပဒေကြမ်း)၁/၂၀၁၈- ၂၂

ရက် စွဲ ၊ ၂ ၀ ၁ ၈ ခု နှစ်၊ ဇန် န ဝါ ရီ လ ၁၂ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီရင်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၂၂-၁၁-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၇-၆၁၇

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီရင်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၇-၁၀-၂၀၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂၂-၁၁-၂၀၁၇ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီရင်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အောက်ဖော်ပြပါ ရည်ညွှန်းချက်များဖြင့် ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါသည် -

(က) ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီရင်ရေးအက်ဥပဒေတွင် ပါဝင်သော ပြဋ္ဌာန်းချက်များသည် ၁၉၆၂ ခုနှစ်၊ နောက်ပိုင်းတွင် ခေတ်ကာလနှင့်လျော်ညီခြင်းမရှိ၍ ကျင့်သုံးမှုအားနည်းလာခြင်း၊

(ခ) ဝန်ကြီးဌာနမှ စည်းကြပ်ဆောင်ရွက်သည့် အခြားဥပဒေများတွင် ဖော်ပြပါရှိပြီးဖြစ်ခြင်း၊

(ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတို့တွင် ကုန်တင်၊ ကုန်ချလုပ်ငန်းများအတွက် အလုပ်သမားများနှင့်သက်ဆိုင်သည့် ဥပဒေများ ပြဋ္ဌာန်းပြီးဖြစ်ခြင်း။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၉-၁-၂၀၁၈ ရက် အင်္ဂါနေ့တွင် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်

မှ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီရင်ရေးအက်ဥပဒေပါ ဆိပ်ကမ်းအလုပ်သမားနှင့် အလုပ်ရှင် ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် ဝန်ကြီးဌာနမှ စည်းကြပ်ဆောင်ရွက်လျက်ရှိသော တည်ဆဲ အလုပ်သမားရေးရာဥပဒေများတွင် ပြဋ္ဌာန်းပြီးဖြစ်သောကြောင့် ယခုအချိန်အခါတွင် အသုံးပြုရန် မလိုတော့သဖြင့် ရုပ်သိမ်းရန်သဘောတူပြီး ဥပဒေခေါင်းစီးရှိ ၂၀၁၇ ခုနှစ်ဆိုသည့် စကားရပ်ကို ၂၀၁၈ ခုနှစ်ဟု ပြင်ဆင်ရန် ဆုံးဖြတ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီရင်ရေးအက်ဥပဒေကို ရုပ်သိမ်း သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီရင်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ဥပဒေကြမ်းရဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျ ဖော်ပြ၍ ၂၂-၁-၂၀၁၈ (တနင်္လာနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီမှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၀း၄၀ နာရီ အချိန်တွင်ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ (၁၈.၁.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



U Nay Htet Win    U Kyaw Linn



Dr Linn Linn Kyaw    U Kyaw Linn



U Myint Htun    U Kyaw Linn



U Min Thein    U Kyaw Linn



U Khin Maung Thi    U Kyaw Linn



U Thein Htun    U Kyaw Linn

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်